**ဗဟိုကော်မတီ**

**တရုတ်ကွန်မြူနစ်ပါတီ**

# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ သို့ အိတ်ဖွင့်ပေးစာ

**စာအမှတ်။** ။ ၀၀၂/၂၀၂၃

**ရက်စွဲ ။** ။ ၁၃.၀၅.၂၀၂၃

အိမ်နီးချင်းနိုင်ငံချင်းဆက်ဆံရေး၊ နှစ်ကာလရှည်ကြာစွာ တည်ရှိလာခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးတို့ကို အထူးအလေးထားသောအားဖြင့် မိမိတို့ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (General Strike Collaboration Committee - GSCC)က တရုတ်ကွန်မြူနစ်ပါတီ (Communist Party of China - CPC)၊ ဗဟိုကော်မတီသို့ ဤအိတ်ဖွင့်ပေးစာကို ပေးပို့ပါသည်။

မြန်မာနိုင်ငံသည် မိတ်ဖက်နိုင်ငံများစွာရှိသည့်အနက် တရုတ်နိုင်ငံနှင့် ပိုမို နီးကပ်သည့်ဆက်ဆံရေး ဖြစ်ထွန်းတည်ရှိသည်နှင့်အညီ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြားတွင် တစ်နိုင်ငံ၏အရေးသည် တစ်နိုင်ငံသို့ အများဆုံး၊ အမြန်ဆုံး ကူးစက်ရိုက်ခတ်လေ့ရှိသည်မှာ နှစ်နိုင်ငံကြား ရှည်ကြာသည့်၊ လေးနက်သည့် ဆက်ဆံရေးသမိုင်း နှင့် ပထဝီနိုင်ငံရေး သဘောသဘာဝကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့်ပင် မြန်မာပြည်သူတို့ အစဉ်တစိုက် ဆင်နွှဲခဲ့သော စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးနှင့် ယနေ့ ဆင်နွှဲနေသော "နွေဦးတော်လှန်ရေး"၏အကြောင်းအကျိုးတို့သည် တရုတ်နိုင်ငံသို့ ရိုက်ခတ်မည်ဖြစ်သကဲ့သို့၊ တရုတ်နိုင်ငံ၏ မူဝါဒဆိုင်ရာ ကိစ္စရပ်များသည်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ ဆင်နွှဲနေသော "နွေဦးတော်လှန်ရေး"သို့ အတိုင်းအတာတခုအထိ ရိုက်ခတ်မည်မှာ မြေကြီး လက်ခတ်မလွဲပါ။

တရုတ်နိုင်ငံ၏ အရေးအရာကိစ္စများအားလုံးကို တရုတ်ကွန်မြူနစ်ပါတီက ဦးခေါင်းသဖွယ် အဆုံးအဖြတ်ပြုနေကြောင်း မိမိတို့အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးက သိရှိပြီးဖြစ်ပါသည်။ မှတ်တမ်းအထောက်အထားများအနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် (၁၃)ကြိမ်မြောက် တရုတ်ပြည်သူ့ညီလာခံက နောက်ဆုံး ပြင်ဆင် အတည်ပြုထားခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင်"( under the leadership of the Communist Party of China) ဆိုသော စကားရပ်ကို (၃) ကြိမ်တွေ့ရှိရပြီး၊ "တရုတ်ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှု" ဆိုသည်ကို ဤသို့ ဖွင့်ဆိုထားပါသည်၊

"**Chapter I – General Principles – Article 1** ------------------------------------------------------------------------------------------------
The socialist system is the fundamental system of the People's Republic of China. Leadership by the Communist Party of China is the defining feature of socialism with Chinese characteristics. It is prohibited for any organization or individual to damage the socialist system.

ထိုဖွဲ့စည်းပုံအခြေခံဥပဒေဖော်ပြချက်များကို ကြည့်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေးအဆောက်အအုံကို မည်သို့ပင် တည်ဆောက်ထားသည်ဖြစ်စေ နိုင်ငံ၏ဘက်ပေါင်းစုံ နှင့် ကဏ္ဍအသီးသီးဆိုင်ရာ မူဝါဒများအားလုံးကို တရုတ်ကွန်မြူနစ်ပါတီကသာ အဆုံးအဖြတ်ပြုနေကြောင်း ထင်ထင်ရှားရှား တွေ့ရှိရပါသည်။

ထို့အပြင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် နောက်ဆုံးအတည်ပြုခဲ့သော တရုတ်ကွန်မြူနစ်ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင်ဖော်ပြထားသည့်

"**Chapter II. The Party's Organizational System**
**Article 16:** Only the Central Committee of the Party has the power to make decisions on major national policies. -----------"

ဖော်ပြထားချက်အရ နိုင်ငံလုံးဆိုင်ရာ အရေးကြီးသည့်မူဝါဒများကို တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီကသာ ချမှတ်ခွင့်ရှိကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာမူဝါဒများ၊ လှုပ်ရှားဆောင်ရွက်မှုများ နှင့် ပတ်သက်၍ ဆွေးနွေး ဝေဖန် အကြံပြုလိုသည်များကို တရုတ်နိုင်ငံ၏အဆုံးအဖြတ်အခန်းတွင် ရှိနေသော တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီသို့ ဤအိတ်ဖွင့်ပေးစာကို ပေးပို့ရခြင်းဖြစ်ပါသည်။

ပထမဦးစွာ ဆွေးနွေးလိုသည်မှာ တရုတ်နိုင်ငံ၏ **နိုင်ငံတကာဝါဒ အပြောင်းအလဲကိစ္စ** ဖြစ်ပါသည်။

ကွန်မြူနစ်တို့၏ နိုင်ငံတကာဝါဒဆိုသည်မှာ ကမ္ဘာပေါ်တွင် တစ်နိုင်ငံ၊ နှစ်နိုင်ငံတည်း အရင်းရှင်စနစ်အောက်မှ လွတ်မြောက်ရုံဖြင့် အမှန်တကယ်မလွတ်မြောက်နိုင်၊ တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်းက အရင်းရှင်စနစ်ကို ဖယ်ရှားပစ်နိုင်မှသာ ကွန်မြူနစ်လူ့အဖွဲ့အစည်းကို အမှန်တကယ် တည်ဆောက်နိုင်မည်ဆိုသည့် အခြေခံသဘောတရားမှ လာသည်ဟု မိမိတို့ သိရှိပါသည်။ ထိုအခြေခံသဘောတရားမှ ပြည်ချစ်ဝါဒ နှင့် နိုင်ငံတကာဝါဒ မှန်မှန်ကန်ကန် ပေါင်းစပ်ရေး အယူအဆ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုလည်း သိရှိရပါသည်။ ကွန်မြူနစ်တို့၏ နိုင်ငံတကာဝါဒသည် အလုပ်သမားလူတန်းစားကို အခြေခံသည့်၊ မိမိတို့သက်ဆိုင်ရာနိုင်ငံတွင်းရှိ ပြည်သူများနှင့် ကမ္ဘာလုံးဆိုင်ရာ သွေးစုပ်ခြယ်လှယ်ခံနေရသည့် ကမ္ဘာ့ပြည်သူများ၏အကျိုးစီးပွားကို ဦးထိပ်ထားသည့် အယူဝါဒတခုလည်း ဖြစ်သည်ဟု လေ့လာ သိရှိရပါသည်။

ထို့ကြောင့် တရုတ်ပြည်တော်လှန်ရေးခေါင်းဆောင်ကြီးဖြစ်သော တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး ရဲဘော်မော်စီတုန်းက ၁၉၃၈ ခုနှစ် တွင် တရုတ်ပြည်တွင်းစစ်နှင့်ပတ်သက်ပြီး ပြောကြားသော မိန့်ခွန်း၌ "**တရုတ်ကွန်မြူနစ်တိုင်းသည် နိုင်ငံတကာဝါဒီ ဖြစ်ရမည်(every Chinese Communist must be internationalist)**"ဟု အတိအလင်း ပြောကြားထားခဲ့ခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံတကာဝါဒ ဆုပ်ကိုင်မှုကောက်ကြောင်းကို ပြန်ကြည့်သည့်အခါ ၁၉၇၈ ခုနှစ် ဝန်းကျင်တွင် တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဖြစ်လာသော တိန့်ရှောင်ဖိန်ခေတ်တွင် ပြုပြင်ပြောင်းလဲရေး နှင့်

အခွင့်အလမ်းများ ဖွင့်ပေးခြင်း “reform and opening-up” မူဝါဒကို စတင်ကျင့်သုံးလာကြောင်း၊ တနည်းဆိုရလျှင် တံခါးဖွင့်မူဝါဒ(open door policy)ကို ကျင့်သုံးလာကြောင်း တွေ့ရှိရပါ သည်။ ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်နောက် ဆက်ခံသော တရုတ်နိုင်ငံခေါင်းဆောင်များသည်လည်း ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် စခင်းခဲ့သော လမ်းကြောင်း ပေါ်တွင် အယူအဆများ၊ ကြည့်မြင်မှုများ နှင့် မူဝါဒများကို လက်တွေ့အခြေအနေများကိုလိုက်၍ တိုးမြှင့်ဆန်းသစ် လာကြသည်ကို တွေ့ရပါသည်။

ထိုသို့ တိုးမြှင့်ဆန်းသစ်လာမှုများကို တရားဝင်ထင်ဟပ်ဖော်ပြမှုများအဖြစ်တွေ့ရှိရသည်မှာ တရုတ်ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းက ဆုတ်ကိုင်သည့် လမ်းညွှန်အတွေးအခေါ်များအဖြစ် မက္ခစ်-လီနင်ဝါဒ နှင့် မော်စီတုန်းအတွေးအခေါ် တို့ဖြစ်သည်ဟု ဖော်ပြခဲ့ရာမှ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် နောက်ဆုံး ကျင်းပခဲ့သော တရုတ်ကွန်မြူနစ်ပါတီ(၂၀)ကြိမ်မြောက်ညီလာခံတွင် ပြင်ဆင်ထုတ်ပြန်လိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရုတ်လူမျိုးလက္ခဏာနှင့်အညီ ဆိုရှယ်လစ်စနစ်ကို အကောင်အထည်ဖော်ရန် မက္ခစ်-လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အပြင် တိန့်ရှောင်ဖိန်သဘောတရား၊ ရှီကျင့်ဖျင့်သဘောတရားတို့ကိုပါ အသုံးပြုသွားမည်ဟု အတိအလင်း ဖော်ပြလာပါသည်။ ထိုဝါဒသဘောတရားတို့သည့် လက်တွေ့အလုပ်လမ်းညွှန်ချက်များလည်းဖြစ်သည်ဟုလည်း ဖော်ပြထားပါသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အတွေးအခေါ်နယ်ပယ်ရှိ ဖြစ်ထွန်းလာသော ထိုအပြောင်းအလဲများသည် နိုင်ငံတကာဝါဒဆိုသည်ကို ပြန်လည်ဖွင့်ဆိုလာပြီး တရုတ်နိုင်ငံ၏နိုင်ငံခြားရေးမူဝါဒ နှင့် လှုပ်ရှားမှုများတွင် ထင်ဟပ်လာသော ထင်ရှားသည့် ဆောင်ရွက်မှုများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။ တိန့်ရှောင်ဖိန်ခေတ်ပြုပြင်ပြောင်းလဲမှု၏ အစဦးပိုင်းတွင် The General Agreement on Tariffs and Trade (GATT) အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားလာခြင်း၊ The World Trade Organization (WTO) ဖြစ်လာခြင်းတို့ကို တွေ့ရှိရပါသည်။ ထို့နောက် ၂၀၀၀ ခုနှစ်တွင် ကျင်းပခဲ့သော အမျိုးသားပြည်သူ့ကွန်ဂရက် (၉) ကြိမ်မြောက်အစည်းအဝေးမှ နိုင်ငံလုံးဆိုင်ရာ စီးပွားရေးလားရာကို ဦးစားပေးထားသည့် **“Going Global Strategy”** ကို ဆုံးဖြတ် အကောင်အထည်ဖော်လာသည်ကို တွေ့ရှိရပါသည်။

တရုတ်နိုင်ငံရေးရာဆွေးနွေးမှုစကြ်န်များတွင် တရုတ်နိုင်ငံ၏ နိုင်ငံတကာဝါဒဆိုသည်မှာ ခေတ်သစ်နိုင်ငံတကာဝါဒ(Neo-internationlism)ဟုလည်းကောင်း၊ တရုတ်ပြည်သည် နိုင်ငံတကာဝါဒကို စွန့်လွှတ်သွားပြီဟုလည်းကောင်း၊ နိုင်ငံတကာဝါဒနှင့်အတူ မက္ခစ်-လီနင်ဝါဒ အခြေခံမှုများကိုလည်း စွန့်လွှတ်သွားပြီဟုလည်းကောင်း စသည်ဖြင့် ဝေဖန်ပြောဆိုမှုများ ဖြစ်ပေါ်လာနေကိုလည်း မိမိတို့ တွေ့ရှိရပါသည်။

မည်သို့ပင်ဆိုစေ မိမိတို့အနေဖြင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွား၊ တော်လှန်ရေးအကျိုးစီးပွား လိုအပ်ချက်အရ တရုတ်နိုင်ငံ၏ နိုင်ငံတကာဝါဒ၊ ထိုမှ စီးဆင်းလာသော နိုင်ငံခြားရေးမူဝါဒများ၊ လက်တွေ့ အကောင်အထည်ဖော်မှုများနှင့် ပတ်သက်၍ မိမိတို့ အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(GSCC)က ဤသို့ရှုမြင် သုံးသပ်ပါသည်။

၁။ တရုတ်နိုင်ငံ၏နိုင်ငံတကာဝါဒသည် အယူဝါဒရေးရာ နှင့် နိုင်ငံရေးအရလွှမ်းမိုးမှုအစား စီးပွားရေးအရ ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံရေးကို ပြောင်းလဲသွားပြီဖြစ်သည်။

၂။ ထိုအပြောင်းအလဲ ထင်ဟပ်ချက်အဖြစ် လက်တွေ့ဆောင်ရွက်မှုများတွင် The Belt and Road Initiative (BRI), The Shanghai Cooperation Organization, နှင့် The Asian Infrastructure Investment Bank တို့ကို ကမ္ဘာ့ပတ်လမ်းစဉ်အဖြစ် အကောင်အထည်ဖော်လာခဲ့သည်။

မိမိတို့ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ထိုသို့နိုင်ငံတကာဝါဒဆိုင်ရာ မူဝါဒအပြောင်းအလဲလမ်းကြောင်းပေါ်တွင်ရှိသော တရုတ်နိုင်ငံ၏ BRI အစီအစဉ်တွင် ပါဝင်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါသည်၊ ထိုအကြောင်းခံနှင့်အညီ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကို ချဉ်းကပ်ဆောင်ရွက်သည့်အခါ တရုတ်နိုင်ငံ၏အကျိုး စီးပွားပေါ်တွင် အခြေခံသည့် "Going Global Strategy" ဖြင့် ချဉ်းကပ်ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါသည်။

မဟာဗျူဟာစီမံကိန်းများ၏ထုံးစံအတိုင်း အကောင်အထည်ဖော်မှုပိုင်းနှင့်ပတ်သက်လျှင်အချိန်ဘောင်တခုဖြင့် ဆောင်ရွက်ကြသည်မှာ လုပ်ငန်းသဘာဝပင်ဖြစ်ပါသည်။

BRI စီမံကိန်းအပါအဝင် "Going Global Strategy" ထဲတွင် အကျုံးဝင်သော လုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ မြန်မာနိုင်ငံ၏ပကတိဘာဝအခြေအနေကြောင့် ထင်တိုင်းမပေါက်သည့် လုပ်ငန်း မပြီးမြောက်မှုများကို တရုတ်နိုင်ငံအနေဖြင့်ရင်ဆိုင်ကြုံတွေ့နေရမည်ကို မိမိတို့ နားလည်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအရေးကို ချဉ်းကပ်ရာတွင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာအခင်းအကျင်းများနှင့်လည်း ပွတ်တိုက်မှုများ ကြုံတွေ့ရမည်မှာ မလွဲပါ။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက် စစ်အာဏာသိမ်းမှုအပြီး မြန်မာနိုင်ငံဆိုင်ရာ ဖော်ပြပါ အတွေ့အကြုံများနှင့် ပကတိအကြောင်းအချက်များအပေါ်တွင် တရုတ်နိုင်ငံ၏ မြန်မာအရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ လတ်တလောအခြေအနေတွင် အချိုးအကွေ့တစ်ခု ထင်ထင်ရှားရှား ဖြစ်ပေါ်လာပါသည်ကို တွေ့ရပါသည်။

ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးကတည်းက တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအရေး ပါဝင်ပတ်သက်ပုံမှာ ကုလသမဂ္ဂစင်မြင့် နှင့် အာဆီယံလမ်းကြောင်းမှသာ တဆင့်ပါဝင်ပတ်သက်ကြောင်း တွေ့ရှိရပါသည်။ စစ်အုပ်စုနှင့် နိုင်ငံတကာမြင်ကွင်းတွင် ပြောင်ကျကျ တိုက်ရိုက်ထိတွေ့ဆက်ဆံမှု လုပ်လေ့မရှိခဲ့ပါ။

အထင်အရှားဆုံးသာဓကအဖြစ် ၂၀၂၂ ခုနှစ်၊ ဇူလိုင် (၂) ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ မြန်မာနိုင်ငံ၊ ပုဂံ-ညောင်ဦးတွင် ကျင်းပခဲ့သည့် လန်ချန်း- မဲခေါင် အစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီ တက်ရောက်ခဲ့ပါသည်။ သို့သော် ထိုအစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ် နိုင်ငံခြားရေးဝန်ကြီးသည် အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံခြင်းမရှိဘဲ၊ လန်ချန်း-မဲခေါင် အစည်းအဝေး အတွက်သာ မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ပြီး အာဏာသိမ်းစစ်အုပ်စုနှင့် နိုင်ငံရေးအရ ဆက်စပ်ပတ်သက်ရန် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း လုပ်ပြသွားခဲ့ပါသည်။

ထိုအခြေအနေမှ ရုတ်တရက်ပြောင်းလဲသွားသော အချိုးအကွေ့မှာ ယခု မေလ(၂)ရက်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်အပါအဝင် စစ်အုပ်စုဝင်တချို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားခဲ့ပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံသို့မရောက်ခင် တွေ့ဆုံဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံမှပြန်သွားပြီး ဆက်လက်ဆောင်ရွက်မှုများကို ကြည့်လျှင် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုသည် မူဝါဒဆိုင်ရာ သုံးသပ်ပြင်ဆင်မှုတစုံတရာ ရှိသည်ဟု မှန်းဆနိုင်ပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးခရီးစဉ်မှတဆင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ၏ချဉ်းကပ်ပုံ၊ ပါဝင်ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ မိမိတို့ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(GSCC)က ယခုကဲ့သို့ သုံးသပ်ပါသည်။

၁။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအရေး ပါဝင်ပတ်သက်ရာတွင် အဓိကအားဖြင့် အောက်ပါ အချက်များအပေါ်တွင် အခြေခံဆောင်ရွက်သည် -

(က) ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟု ခေါင်းစဉ်တပ်ထားသော်လည်း လက်တွေ့တွင် တရုတ်နိုင်ငံ၏“Going Global Strategy” ဟုအမည်ပေးထားသည့် တရုတ်နိုင်ငံ၏ ကမ္ဘာလွှမ်းခြုံစီးပွားရေးမဟာဗျူဟာစီမံကိန်းများအပေါ်တွင် အဓိကအခြေခံ ဆောင်ရွက်သည်။

(ခ) တခြားအင်အားကြီးနိုင်ငံများ၏ မြန်မာနိုင်ငံအရေးပါဝင်ပတ်သက်မှု အတိမ်အနက်အပေါ်တွင် တရုတ်နိုင်ငံ၏ပါဝင်ပတ်သက်မှုကို အတိုးအလျှော့လုပ် ဆောင်ရွက်သည်။

(ဂ) မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ပါဟု အစဉ်ပြောကြားပြီး၊ မြန်မာနိုင်ငံအတွင်း အင်အားသာလွန်သည့်အင်အားစုနှင့် အဓိကဆက်ဆံရေးခိုင်မာရန် တည်ဆောက်သည်၊ အင်အားသာလွန်သည့်အင်အားစုကို အကူအညီပေးသည့်နည်းဖြင့် မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက်သည်။ ထို့ကြောင့် ယခုကာလအထိ လက်နက်အင်အား သာလွန်နေသည့် စစ်အုပ်စုနှင့် အဓိကဆက်ဆံရေးတည်ဆောက်နေခြင်းဖြစ်သည်။

(ဃ) မြန်မာပြည်သူတို့၏အသံ၊ မြန်မာပြည်သူတို့၏သဘောထားဆန္ဒ နှင့်ပတ်သက်လျှင် တရုတ်နိုင်ငံ၏လက်တွေ့ဆောင်ရွက်မှုများက လုံးဝနီးပါး(လုံးဝနီးပါး) လစ်လျူရှုသည်။

(င) ယနေ့ မြန်မာပြည်သူတို့ ဆင်နွှဲနေသော “နွေဦးတော်လှန်ရေး” ကို အစိုးရတာရပ်နှင့် ပြည်သူကြား ဖြစ်လေ့ဖြစ်ထရှိသော ပဋိပက္ခမျှသာဟု ကြည့်မြင်သည်။

၂။ အထက်ဖော်ပြပါအချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းတွင် မြန်မာပြည်သူတို့၏ ပကတိဘဝနှင့်မကိုက်ညီသည့်၊ မြန်မာပြည်သူတို့၏စိတ်ဆန္ဒ နှင့် မကိုက်ညီသည့်အကြောင်းအချက်များ ဖြစ်ပေါ်နေသည်။ ထို့သို့ ဖြစ်ပေါ်လာရသည့်အကြောင်းများမှာ တရုတ်ကွန်မြူနစ်ပါတီသည် -

(က) “Going Global Strategy” တွင်အကျုံးဝင်သည့် BRI စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်မှုတွင် ဒေသတွင်း ပကတိအခြေအနေများအပေါ်တွင် လက်တွေ့ကျကျ ဆောင်ရွက်ရန် မကြိုးစားဘဲ၊ တရုတ်နိုင်ငံ၏ ရည်မှန်းချက် နှင့် အချိန်ဘောင် သတ်မှတ်ချက်အပေါ်တွင်သာ တွန်းတိုက် ဆောင်ရွက်နေခြင်းကြောင့်ဖြစ်သည်။

(ခ) မြန်မာ့နွေဦးတော်လှန်ရေးကို သိမြင်နားလည်မှု လိုအပ်နေသေးခြင်းကြောင့် ဖြစ်သည်။

(ဂ) မြန်မာပြည်သူတို့ကို ကိုယ်စားပြုထားသည့် မြန်မာနိုင်ငံရေးအဆောက်အအုံနှင့် (တရုတ်နိုင်ငံ မဟုတ်သည့်) နိုင်ငံတကာအသိုင်းအဝိုင်းမှ အင်အားကြီးနိုင်ငံများကြား ဆက်ဆံရေးကို နက်နက်ရှိုင်းရှိုင်းနားလည်မှု လိုအပ်နေသေးခြင်းကြောင့် ဖြစ်သည်။

ထိုအကြောင်းအချက်များအပေါ်တွင် မိမိတို့ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(GSCC) သည် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီသို့ အောက်ပါအတိုင်း ဝေဖန်အကြံပြုလိုပါသည်။

၁။ မဟာဗျူဟာစီမံကိန်းများအကောင်အထည်ဖော်သည့်အခါ လက်တွေ့ပကတိအခြေအနေများနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ရန် ပြန်လည်သုံးသပ်ပေးပါ။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ဖြစ်

ပေါ်နေသော ပကတိအကြောင်းအချက်များအပေါ်တွင်သာ တရုတ်နိုင်ငံ၏စီမံကိန်း အကောင်အထည်ဖော်မှုများကို ပြုလွယ်ပြောင်းလွယ်သည့်နည်းနာ(flexible way)ကို ကျင့်သုံးသင့်ပါသည်။

၂။ မြန်မာနိုင်ငံပြည်သူများနှင့် နိုင်ငံရေးအင်အားစုများသည် နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်လျှင် မည်သည့်နိုင်ငံကြီးတစ်နိုင်ငံ သို့မဟုတ် မည်သည့်နိုင်ငံတချို့နှင့်သာ ဆက်ဆံမည်ဆိုသည့် သဘောထားမရှိ၊ မိမိတို့ ပြည်သူများ၏ အကျိုးစီးပွား၊ တော်လှန်ရေးအကျိုးစီးပွား ရှိမည်ဆိုလျှင် မည်သည့်နိုင်ငံနှင့်မဆို ရင်းနှီးစွာ ဆက်ဆံမည့်သဘောထားရှိကြောင်း ပိုမို လေးလေးနက်နက် သိရှိစေရန် အကြမ်းဖက်စစ်အုပ်စုဖယ်ရှားရေး မြန်မာ့နိုင်ငံရေးအင်အားစုများနှင့် ပိုမိုထိတွေ့ ဆက်ဆံသင့်သည်။

၃။ မြန်မာပြည်သူများဆင်နွှဲနေသော "နွေဦးတော်လှန်ရေး"သည် တရုတ်ပြည်သမိုင်းတွင် ချန်ကေရှိတ်အစိုးရ နှင့် ပဒေသရာဇ်မြေရှင်စနစ်ကို ဖယ်ရှားနိုင်ရေးအတွက် တရုတ်ပြည် ကွန်မြူနစ်ပါတီဦးဆောင်ပြီး တရုတ်ပြည်သူများဆင်နွှဲခဲ့သောတော်လှန်ရေးကဲ့သို့ပင် သန်းရွှေ-မင်းအောင်လှိုင်စစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ဖယ်ရှားပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရေးအတွက် ဆင်နွှဲနေသော စနစ်ပြောင်းတော်လှန်ရေးတရပ်ဖြစ်ကြောင်း ပိုမိုသိရှိနားလည်ရန် လေ့လာသင့်သည်။

၄။ တရုတ်အစိုးရ၏ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ဟု အကြိမ်ကြိမ်ပြောနေသော်လည်း လက်တွေ့တွင် မြန်မာ့ပြည်တွင်းရေးကို အကြမ်းဖက်စစ်အုပ်စုမှတဆင့် ပါဝင်ပတ်သက်နေခြင်းကို ပြန်လည်စဉ်းစားသုံးသပ်သင့်သည်။

၅။ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဆိုသည်မှာ တရုတ်အစိုးရ၊ တရုတ်ပြည်သူများ နှင့် (ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် တရားဝင်) မြန်မာအစိုးရ နှင့် မြန်မာပြည်သူများ ဆက်ဆံရေးသာဖြစ်ပြီး၊ မတရားစစ်အုပ်စုနှင့်သာ ရွေးချယ်ဆက်ဆံခြင်းကို မဆိုလိုပါ။ ထို့ကြောင့် တရုတ်ပြည်ဘက်မှ စစ်အုပ်စုနှင့်ဆက်ဆံရေးကို ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဟု သုံးနှုန်းနေခြင်းကို ပြန်လည်သုံးသပ်သင့်သည်။

မေလ (၂) ရက်နေ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးခရီးစဉ်နောက်ပိုင်း မြန်မာပြည်သူတို့၏ တရုတ်နိုင်ငံအပေါ်သဘောထားနှင့် တုံ့ပြန်မှုများကို ကြည့်လျှင် မလိုမုန်းတီးမှုများ ပိုမိုအရှိန်မြင့်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအပေါ် ယခုကဲ့သို့ မလိုမုန်းတီးမှုများ ဖြစ်လာရသည့် အဓိကအကြောင်းရင်းမှာ ပြည်သူများအပေါ် လွန်စွာရက်ရက်စက်စက် သတ်ဖြတ်နေသည့် အကြမ်းဖက်စစ်အုပ်စုကို တရုတ်နိုင်ငံအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် အကူအညီပေး ဆက်ဆံနေခြင်းကြောင့်ဖြစ်သည်မှာလည်း သိသာထင်ရှားပါသည်။

တရုတ်အစိုးရသည် အကြမ်းဖက်စစ်အုပ်စုနှင့် ယခုကဲ့သို့ ပြောင်ကျကျ နီးကပ်သည့်ဆက်ဆံရေးထားရှိပြီး၊ အကူအညီများပေးနေခြင်းသည် ကမ္ဘာ့အလယ်တွင် တရုတ်နိုင်ငံ၊ တရုတ်အစိုးရ နှင့် တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးဂုဏ်သိက္ခာ၊ လူသားဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည်ဟု မိမိတို့က ရှုမြင်ပါသည်။

ထို့အပြင် မြန်မာပြည်သူတို့သည် တရုတ်အစိုးရ၏ အကြမ်းဖက်စစ်အုပ်စုနှင့် ဆက်ဆံမှု အတိုင်းအတာ၊ အတိမ်အနက်ကိုလိုက်၍ မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံ အကျိုးစီးပွားများအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်ဆောင်ရွက်လာကြမည်ကိုလည်း မိမိတို့က အလွန်စိုးရိမ်ပူပန်မိပါသည်။

ထို့ကြောင့် နှစ်ကာလရှည်ကြာစွာ တည်တံ့လာခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းလိုသည့်ဆန္ဒအမှန်ဖြင့် မိမိတို့ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(GSCC) က တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီသို့ သုံးသပ်အကြံပြုချက်များပါရှိသော ဤအိတ်ဖွင့်ပေးစာကို လေးနက်တည်ကြည်စွာ ပေးပို့ခြင်းဖြစ်ကြောင်း ထပ်လောင်း ပြောကြားပါသည်။ ။

တော်လှန်ရေးသစ္စာဖြင့်

**အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(GSCC)**